တံခွန်တိုင်
စာပေတိုက်

# နှင်းထားထား

(ဆေးတက္ကသိုလ်)

ဂန္ထဝင်အငြိုး



ပန်းချီ သိန်းဆွေကြည်
2016

“ကျွန်မ ကျိန်ဆိုခဲ့မယ် မောင်. . .

ဒီဘဝမှာ . . .

ကျွန်မဘက်က ရင်နဲ့ အမျှ ချစ်ခဲ့ရသလောက် . . .

မောင် ကျွန်မကို ပြန်မချစ်ခဲ့ရင် . . .

ကျွန်မဘက်က တစ်ဘဝစာ သစ္စာရှိခဲ့သလောက် . . .

မောင် ကျွန်မအပေါ် သစ္စာမရှိခဲ့ရင် . . .

ကျွန်မဘက်က ပေးဆပ်ရှုံးနိမ့်ခဲ့ရသလောက် . . .

မောင် ကျွန်မအပေါ် ဗိုလ်ကျအနိုင်ယူခဲ့ရင်. . .

ဘဝဆက်တိုင်း. . .

မောင်နဲ့ ပြန်ဆုံခွင့်ရတိုင်း. . .

မောင့်အပေါ် ကျွန်မ အနိုင်ယူခွင့်ရပါစေသား. . . ”

## အပိုင်း (၁)
## အခန်း (၁)

၁၉၉၆၊ ရန်ကုန်။

ပထမဆုံးခံစားလိုက်ရသော ဝေဒနာက နှလုံးသားဆီသို့ အဆိပ်ပါသည့် အပ်ချွန်ချွန်မြမြ ကလေးတွေ မြောက်မြားစွာ အရှိန်ပြင်းပြင်း

တစ်ပြိုင်နက်တည်း ထိုးစိုက်ခံလိုက်ရသော ဝေဒနာမျိုး. . .။ စူးနစ်နာကျင်သောဝေဒနာနှင့် အဆိပ်သင့် မွန်းကြပ်ဆို့နစ်သော ဒဏ်ချက်ကို တစ်ချိန်တည်းမှာ တစ်ပြိုင်နက်တည်း ခံစားလိုက်ရခြင်းပါ. . .။ မောင် . . . ရက်စက်လွန်းလိုက်တာ. . .။ လုပ်ရက်လိုက် တာ . . .။ ကျွန်မရဲ့ အချစ်တွေ မောင် ဘယ်ချောင်မှာ သွားထိုးထားခဲ့သလဲ. . .။ 'မောင်' ဆိုတဲ့ လူတစ်ယောက်ကို တော်ရုံတန်ရုံ အချစ်မျိုးနဲ့ ချစ်ခဲ့တာမဟုတ်လေဟာ. . .။ ကျွန်မဘဝတစ်ခုလုံး . . .ဖြစ်တည်မှုအားလုံး . . . ရင်းနှီးမြှုပ်နှံပုံအောပြီး ပေးဆပ်ထားခဲ့တာ. . . မောင်အသိဆုံးပဲ. . .။ ဘာလို့ . . . ကျွန်မရဲ့ အချစ်ကို စော်ကားခဲ့ရတာလဲ. . .။ ကျွန်မကို ရှုံးနိမ့်စေခဲ့ရတာလဲ. . .။

ရင်တစ်ခုလုံး လှိုင်းထန်ဖိုလှိုက်စွာနဲ့ ကျွန်မ ဒီလေ့ကားတွေကိုတက်ခဲ့ရတာ ဘယ်လောက် မောတယ်မှတ်လဲမောင် . . .။ ကျွန်မ မောင့်ကို မနာကြည်းချင်ဘူး သိလား. . .။ တစ်ချိန်လုံး အရိပ် တကြည့်ကြည့်နဲ့ ချစ်ခဲ့ရတာ။ ကျွန်မရဲ့ အချစ်လိုမျိုးနဲ့ မောင့်ကို ဘယ်သူက ချစ်နိုင်မလဲ. . .။ ဒီ မိန်းကလေးလား . . . သွားစမ်းပါ . . .။ အဝေးကြီးပါ . . .။ ဟင် . . . ကျွန်မ သူမကို တကယ်ရော တွေ့သင့်လို့ လား. . .။ တွေ့လို့ ရောအကြောင်းထူးမှာ လား. . .။ သူက ကျွန်မကို မချေမငံနဲ့ မဖွယ်မရာတွေပြောလွှတ်လိုက်ရင်ရော. . .။ ဒီအထိ လိုက်လာမိတာတောင် လွန်လှပါပြီ. . .။ မထိုက်တန်ပါဘူး. . .။ အို . . . ဒါပေမဲ့ တွေ့မှ ကိုဖြစ်မယ်. . .။ သူမဟာ ဘယ်လိုမိန်းမစားမို့ မောင့်ရဲ့ နှလုံးသားကို ဆွဲဆောင်ဖြားယောင်းနိုင်ခဲ့တာလဲဆိုတာ ကျွန်မသိမှ ဖြစ်မယ်။ မောင် . . . ကျွန်မအပေါ် ရက်ရက်စက်စက် သစ္စာဖောက်ဖို့ လုံလောက်တဲ့ အကြောင်းပြချက်တော့ သူမဆီမှာ ရှိလိမ့်မယ်. . .။

"ဒေါက် . . . ဒေါက် . . . ဒေါက်. . . "

တံခါးကို သုံးချက်ဆင့်ခေါက်ပြီးချိန်မှာ . . . ကျွန်မ နှုတ်ခမ်းကို တင်းတင်းဖိကိုက်ထားမိတာ . . . နာကျင်လာတဲ့ အထိပဲ. . .။ ညာဘက်လက်မှာ ချိတ်ထားတဲ့ အညိုရောင်လည်သာအိတ်ထဲမှာ ပိုက်ဆံတွေလည်း အထပ်လိုက် ယူလာခဲ့တယ်. . .။ သူမရဲ့ မျက်နှာကို ပစ်ပေါက်ဖို့ လေ. . .။ လိုချင်ဦးဟဲ့ . . . မက်မောဦးဟဲ့ ဆိုပြီးတော့လေ. . .။ ရတ်တရက် ရင်ထဲဗလောင်ဆူပွက်လာပြန်ပြီ . . .။ မုန်းလိုက်တာ. . . ရွံလိုက်တာ. . . အော့နလုံးနာလိုက်တာ. . .။ လက်ဖဝါးကိုလည်း ဆုပ်ချည် ဖြန့်ချည် လုပ်နေမိတယ်. . .။ အဲဒီပါးပြင်ကို မောင် နမ်းမွှေးခဲ့သလား. . .။ ဖြောင်းခနဲမြည်အောင် ရိုက်ပစ်ဦးမယ်. . .။ နီမြန်းပြီး လက်ချောင်းရာ ထင်သွားတဲ့ အထိပေါ့. . .။ အဲဒါမှ မှတ်မှာ မဟုတ်လား . . .။ ယောက်ျားတစ်ယောက်ကို မြှူဆွယ်ချင်ဦးလေ. . .။

ရတ်တရက် တံခါးပွင့်သွားပြီး တံခါးမှာ ဘွားခနဲပေါ်လာတဲ့ လူရိပ်တစ်ခုကြောင့်. . . ကျွန်မ ကိုယ်ခန္ဓာ ဆတ်ခနဲ တုန်သွားတယ်. . .။ အို ဒီမိန်းကလေးတဲ့ လား. . .။ ငယ်နုလွန်းလှချည်လား . . .။ မျက်နှာကလေးက ဖူးဖူးစင်စင်နဲ့ . . . မသိနားမလည်တဲ့ မျက်နှာပေးမျိုးနဲ့ . . .။ ဒီကောင်မလေး အလွန်ဆုံးရှိလှမှ ဆယ့်ရှစ်ပေါ့. . .။ မည်းနက်မှောင်အိနေတဲ့ ဆံပင်အရှည်ကြီးနဲ့ . . .။ မောင်တမ်းတမ်းစွဲမယ်ဆိုလည်း . . . စွဲမက်စရာ။

“ဘယ်သူနဲ့ တွေ့ချင်လို့ လဲ အစ်မ”

ဝိုင်းစက်ရွှန်းနက်လွန်းတဲ့ မျက်လုံးရွဲကြီးတွေနဲ့ သူမက မေးတော့. . . ကျွန်မ အဖြေရခက် သွားတယ်။ သူမက ကျွန်မကို ခြေဆုံးခေါင်းဆုံးကြည့်နေတာကိုး. . .။ ဆံပင်အတိုနဲ့ . . . သာမန်ရွက်ကြမ်းရေကျိုရုပ်ရည်မျိုးနဲ့ . . . အသက်သုံးဆယ်အရွယ် မိန်းမတစ်

ယောက်ကို မြင်ရရုံနဲ့ . . . သူမ နောက်ကျောမလုံ ဖြစ်မသွားသင့်ဘူးလား ဟင်. . .။ သူမ ဝတ်ထားတာက ချည်သားပွင့်ရိုက် ဂါဝန် တိုကလေးနဲ့ . . .။ ကျွန်မရဲ့ ကိုယ်ပေါ်မှာ တန်ဖိုးကြီးတဲ့ အဝတ်အစားတွေနဲ့ စိန်တွေ တဖျပ်ဖျပ်သီး နေတာတောင်. . . သူမကို လိုက်မမီနိုင်တာ ဘာကြောင့်လဲ. . .။ ရှင်းနေတာပဲ. . . အသက်အရွယ်နဲ့ ငယ်ရွယ်နုပျိုမှုပဲပေါ့. . .။

"ခက်ဖြာဝေ ဆိုတာ မင်းလား. . ."

"ဟုတ်"

"တို့ မင်းနဲ့ စကားပြောချင်လို့ . . . တံခါးဖွင့်ပေးပါ. . . "

သူမက . . . ပခုံးကလေး ဆတ်ခနဲတွန့်ပြီး . . . တံခါးဖွင့်ပေးတယ်. . .။ ကျွန်မ သူမကို တွန်းတိုက်မိမတတ်. . . ကမူးရှူးတိုး ဝင်လာခဲ့တယ်. . .။ မောင်ရှိမနေပါဘူး. . .။ အဲဒါတော့ သေချာ တယ်. . .။ မောင်က ကျွန်မတို့ ရဲ့ "တော်လေးဝသွင်" စံအိမ်မှာ ပဲ ရှိနေလိမ့်မယ်. . .။ အဲဒါကြောင့်လည်း ကျွန်မရောက်လာခဲ့တာပေါ့. . .။

"အစ်မ ဘယ်သူလဲ? ဘာပြောစရာရှိလို့ လဲ"

သူမမျက်နှာက တွေ့စကလောက်တော့ အပြစ်ကင်းမနေတော့ဘူး. . .။ ကျွန်မ ဘယ်သူဖြစ် နိုင်တယ်. . . ဆိုတာကိုလည်း ရိပ်မိသွားလောက်ပြီထင်ရဲ့ . . .။ မျက်နှာပေးကိုက တစ်မျိုးလေးကို ပြောင်းသွားတာ. . .။ ထီမထင်လိုလို. . . သရော်မော်ကားလိုလို. . . ဆောင့်ကြွားကြွား. . . ဂျစ်ကန်ကန် မျက်နှာပေးမျိုးပါ. . .။ ကျွန်မ ရိုက်ပစ်ချင်လိုက်တာ. . .။

"အေး. . . ပွင့်ပွင့်လင်းလင်းပဲ ပြောတာပေါ့. . .။ တို့ က မင်းတွဲနေတဲ့ တက်တိုးဝေရဲ့ မိန်းမ. . . တော်လေးဝသွင် ပဲ. . . "

ကျွန်မအသံက တင်းမာခက်ထန်နေသလောက်. . .သူမကတော့ အေးအေးဆေးဆေးပါလား . . .။ တစ်စက်ကလေးမှ အကြောက်အလန့် မရှိတဲ့ မျက်နှာ. . .။ အပြစ်မရှိတဲ့ မျက်နှာထားမျိုးနဲ့ ဟန်ဆောင်ကောင်း လိုက်တာ. . .။

"အဲဒီတော့. . . ကျွန်မက ဘာလုပ်ပေးရမလဲ. . . "

ရုတ်တရက်. . . ကျွန်မ မိုက်ခနဲတောင် ပြာဝေသွားရတဲ့ အထိ. . .။ သူမက မျက်ခုံးကလေး ပင့်ခနဲချီပြီး မထီတရီ မျက်နှာထားကလေးနဲ့ မေးလိုက်တာ. . .။ သူမမို့ မေးရက်လေခြင်း. . .။

"ဘာလုပ်ပေးရမလဲဆိုတာ. . . မေးနေဖို့ လိုသေးလား. . .။ မင်း မရှက်ဘူးလား။ သူများ အိမ်ထောင်ကို ဖျက်ဆီးပြီးမှ သာယာမှုရှာချင်တာ. . .ဝဋ်လည်မှာ ၊ ငရဲကြီးမှာ မကြောက်ဘူးလား. . . "

"အဲဒါတွေ လာပြောမနေပါနဲ့ . . . ပြောစရာမလိုဘူး. . .။ ကျွန်မသူ့ကို ချစ်တဲ့ တုန်းက သူ့မှာ အိမ်ထောင်ရှိမှန်းမှ မသိခဲ့တာ. . .။ သိတဲ့ အချိန်မှာ . . . နောက်ကျနေပြီ. . . ရုန်းထွက်လို့ မရတော့ဘူး. . .။ သူက လည်း . . . ကျွန်မကို အရမ်းချစ်တယ်. . .။ ရုန်းထွက်ခွင့်လည်း မပေးဘူး. . .။ ကျွန်မ ပြေးရင် သူ ပိုလိုက်တယ်. . . အဲဒီလိုနဲ့ ခုလိုဘဝ ရောက်သွားတာ. . . "

ကျွန်မတစ်ကိုယ်လုံး. . . နတ်ပူးသလို တဆတ်ဆတ် တုန်လာတဲ့ အထိပါပဲ. . .။ သူမက ဘာကိုမှ ဂရုမစိုက် အလေးမထားဘဲ ပေါ့ပေါ့ပါးပါး လေးနိုင်လိုက်တာများ သစ်ရွက်ကြွေရော်ရွက်ဝါ တစ်ရွက်လို။

"မင်း ဘယ်လောက်လိုချင်သလဲ. . . သူနဲ့ ကင်းကင်းရှင်းရှင်း၊ ပြတ်ပြတ်သားသား နေပေးဖို့ မင်းကို ဘယ်လောက်ပေးရမလဲ. . . ပြော"

"အစ်မ အရမ်းချမ်းသာမှန်း သိပါတယ်. . .။ ငွေနဲ့ လာပေါက်လို့ ရမယ်ထင်လို့ လား အစ်မ ရယ်. . .။ ကိုယ့်ယောကျ်ားကို ကိုယ့်ရင်ခွင်ထဲမှာပဲ နေနိုင်အောင် အပိုင်ထိန်းရမှာ မဟုတ်ဘူး လား . . . သူသာ ကိုယ့်ဆီမှာ ပျော်မွေ့နေရင်. . . တခြား ဘယ်ဆီကိုမှ သွားစရာမလိုတော့ဘူးလေ. . . ဟုတ်တယ်မှ လား. . . "

ကျွန်မ. . . သူမကို ရိုက်ပစ်လိုက်ဖို့ လက်ရွယ်လိုက်မိချိန်မှာ . . . သူမက . . .

"အစ်မက ကျွန်မကို ရိုက်မယ်. . . ဟုတ်လား. . .။ အစ်မ ပိုရှုံးသွားမှာပေါ့. . .။ ခုလို လာတွေ့တာတောင် အစ်မမှားနေပြီ. . .။ သူ့ကို ကျွန်မ ပြန်ပြောလိုက်ရင် အစ်မကိုပဲ သူ ပိုမုန်းမှာ . . . ပိုအပြစ်တင်မှာ . . .။ ပါးရိုက်သွားရင် ပိုတောင်ပြတ်သွားဦးမယ်. . ."

"ဘာ. . . ."

ကျွန်မ လိုက်မမီတော့ပါ. . .။ သူမကပဲ မျက်နှာပြောင်တိုက်ရဲလွန်း၊ လည်လွန်း၊ ပြောတတ် ဆိုတတ်လွန်းတာလား. . .။ ကျွန်မကလည်း တုံးလွန်းတာလား. . . ကျွန်မ မသိ. . .။ အခုတော့ လက်ဝှေ့ကြိုးဝိုင်းထဲမှာလို သူမက တရစပ် ထိုးစစ်ဘက်က . . .။ ကျွန်မက ခံစစ်ဘက်မှာ . . .။

"မင်း ရိုင်းလှချည်လား။ စကားပြောတာတွေ ရင့်လှချည်လား. . . သူများ အိမ်ထောင်ကို ဖျက်ဆီးထားတဲ့ မိန်းမက. . . ဒီလောက် အရှက်မရှိ၊ မျက်နှာပြောင်တိုက်ပြီး ပြောရဲဆိုရဲ ရှိလွန်းလိုက်တာ. . . ငါ့ဖြင့် အံ့သြလို့ကိုမဆုံးတော့ဘူး. . .။ မင်းသိလား. . . မင်းအခုနေတဲ့ ဒီတိုက်ခန်းဟာ. . . ငါ့ ပိုက်ဆံနဲ့ ပဲ သူဝယ်ခဲ့တာ. . .။ သူ့မှာ ဘာပိုင်ဆိုင်မှုမှ မရှိဘူး. . . "

"ကျွန်မ အဲဒါတွေကို စိတ်မဝင်စားပါဘူး. . . ။ ကျွန်မကလည်း သူ့ပိုက်ဆံတွေကို မက်တာမှ မဟုတ်တာ. . .။ ကဲ အစ်မပြန်တော့. . . "

"မင်း သူနဲ့ ကင်းကင်းရှင်းရှင်း နေပေးမှာ လား. . . ပြတ်စဲပေးမှာ လား. . . "

ကျွန်မလေ တော်တော်ကို တုံးတာပဲသိလား. . .။ ရန်သူကိုယ့်ကို အလဲထိုးခွင့်ရအောင်များ အခွင့်အရေးပေးလိုက်မိသေးတယ်. . .။ သူမ ကျွန်မကို လှမ်းကြည့်လိုက်တဲ့ အဲဒီ မျက်လုံးအကြည့်တွေကို ကျွန်မ ဒီတစ်သက် မေ့တော့မှာ မဟုတ်ဘူး . . .။ သူမက ညံ့ရန်ကောရှင် ဆိုတဲ့ မျက်နှာပေးမျိုးနဲ့ . . .

"သူ ကျွန်မဆီ ရောက်မလာအောင်. . . ကိုယ့်လူကိုယ်နိုင်အောင်ထိန်းသိမ်းဖို့ ဘယ်သူ့မှာ တာဝန်ရှိသလဲ. . . ကျွန်မက ပြန်သင်ပေးနေရဦးမှာ လား အစ်မရယ်. . . " တဲ့ . . .။

*

# အခန်း (၂)

နံရံကပ်ဗီရိုတံခါးကြီးတွေကို ကျွန်မ ဒေါသတကြီး ဝုန်းခနဲဆွဲဖွင့်ပစ်လိုက်တယ်. . .။ ကြည့်စမ်းပါဦး. . . ကျွန်မ ရှူးခဲ့မိတာတွေလေ. . .။ ရှပ်အင်္ကျီတွေဆို ကြွေသားရောင် ပြောင်လက် တောင်ပနေတဲ့ အဖြူရောင်တွေချည်း. . .။ တွန့်ကြေရာ တစ်ချက်မရှိစေရ. . .။ လက်ကြယ်သီး (Cufflinks) တွေဆို ကျောက်မျိုးစုံ. . . ဒီဇိုင်းမျိုးစုံ အရောင်အသွေးစုံ. . . ။ ဘောင်းဘီတွေဆိုလည်း မီးခိုးရောင်ဖျော့ဖျော့ ပိုးသား. . . ချည်သား. . . လီနင်သားတွေနဲ့ . . . . စမတ်ကျကျ စတိုင်လ်ရ အောင် အကောင်းဆုံး tailor ဆီမှာ ချုပ်ပေးခဲ့တာ. . .။ ရှူးဖိနပ်တွေဆို. . . အနက်ရောင် လည်သာ ရှူး(စ်)တွေချည်း တောက်ပပြောင်လက်နေစေတာ. . .။ မောင်ရယ်. . . ရှင်မို့ လုပ်ရက်လွန်းလိုက်တာ. . .။

ပထမဆုံး ချိတ်တွေနဲ့ ချိတ်ဆွဲထားတဲ့ ရှပ်အင်္ကျီအဖြူတွေကို ကျွန်မ ဒေါမာန်ကြီးစွာနဲ့ လက်ထဲက ထက်ရှလွန်းလှတဲ့ ကတ်ကြေးတစ်လက်နဲ့ . . . ရွှီခနဲ ရွှီခနဲမြည်အောင် တစ်စစီမွသွားအောင် အဆက်မပြတ် ဆွဲညှပ်ပစ်နေမိတယ်. . .။ မျက်ရည်တွေလည်း ရွှဲနစ်လို့ . . .။ နာကြည်းမှုက ကျွန်မရဲ့ နှလုံးသားကို အက်စစ်နဲ့ တိုက်စားလိုက်သလို. . . လောင်ကျွမ်းနေစေတာ. . .။ ကျွန်မ ကတော့ ချစ်လိုက်ရတာ. . .။ အရိပ်တကြည့်ကြည့်နဲ့ . . . မွန်းကြပ်နင့်မောနေအောင်ကို ချစ်ခဲ့တာ. . .။

မောင့်ကို လက်ထပ်မယ်လို့ ဆုံးဖြတ်ခဲ့တုန်းက ကျွန်မဘက် အသိုင်း

အဝိုင်းက . . . ခါးခါး သီးသီး . . . လုံးဝသဘောမတူခဲ့. . .။ ဘယ့်နှယ်လုပ် သဘောတူနိုင်ပါ့မလဲ. . .။ ဆွေစဉ်မျိုးဆက် . . . ကျောက်တွင်းသူဌေးတွေဖြစ်တဲ့ ကျွန်မတို့ ဘက်က ချမ်းသာကြွယ်ဝလွန်းသလောက်. . . မောင်က ခြူးတစ်ပြားမှ မရှိတဲ့ လူတေလူပေကလေးပါ. . .။ မောင့်မှာ ချမ်းသာတာဆိုလို့ . . . မိန်းကလေးတိုင်း မက်မောတတ်ကြတဲ့ . . . ညို့ချက်ပြင်းပြင်း ရုပကာတစ်ခုသာ. . . ။ အရပ်မြင့်မြင့် ကိုယ်ခန္ဓာဖွံ့ထွားကျစ်လျစ်သန်မာလှတဲ့ လူညိုချောမောင့်ကို. . . ကျွန်မ အဆင်ခြင်မဲ့ အနိုင်းအဆမဲ့ ချစ်မြတ်နိုး ရူးသွပ်ခဲ့မိတာ ကျွန်မအမှားလား။ မောင့်ကို စည်းစိမ်ဘုံပေါ် ကောက်တင်ပြီး. . . မင်းသားတစ်ပါးလို . . . ကျွန်မ ဘုံမြှင့်ပေးခဲ့မိတာ. . . ။ မောင့်အပြောချိုချို. . . အယုအယတွေအောက်မှာ . . . အရည်ပျော်ရူးသွပ်ပြီး . . . ကျွန်မ အရူးကြီးရူးခဲ့မိတာပေါ့. . .။ မောင့်မျက်နှာကို အရိပ်တကြည့်ကြည့်နဲ့ လိုလေသေးမရှိစေရအောင်. . . ဖြည့်စွမ်းပေးခဲ့သမျှရဲ့ ရလဒ်ဟာ . . .မောင့်ရဲ့ သစ္စာဖောက်မှုတဲ့ လား. . .။ ထိုက်တန်လို့ လား မောင်ရယ်. . .။

"ဘာတွေဖြစ်နေတာလဲ တော်လေး. . . . . . ဟာ. . . မင်း. . . ဘာတွေလုပ်ပစ်လိုက်တာလဲ . . .။ သွားပါပြီကွာ. . . တောက်. . . မင်း ရူးနေလား တော်လေး. . . ဘာဖြစ်နေတာလဲ"

မောင် အခန်းထဲရောက် လာပြီး. . . ကျွန်မကို အတင်းဝင်ဆွဲတယ်. . . ။ ကျွန်မလေ . . . ဒဏ်ရာပြင်းပြင်းရသွားတဲ့ သားကောင်တစ်ကောင်လို မောင့်ကို စူးစူးရဲရဲ၊ ပြင်းပြင်းရှရှကြီး စိုက်ကြည့်မိတယ်။ ဖြစ်နိုင်ရင်လေ. . . လက်ထဲက ကတ်ကြေးနဲ့ မောင့်မျက်နှာ ခပ်ချောချောကို မြည့်ခနဲနေအောင် ဆွဲခြစ်ပစ်ချင်လိုက်တာ. . .။ နာကြည်းလိုက်တာ. . .။

"နင်. . . ငါ့ကို သစ္စာဖောက်တယ် မောင်. . . နင့်ဟာမနဲ့

ငါတွေ့ခဲ့ပြီးပြီ. . .။ ပြော နင် ဘာပြောချင်သေးလဲ. . . ဘာတွေ လိမ်ညာ လှည့်ပတ်ချင်သေးလဲ. . . နင့်သတင်းတွေ နားနဲ့ မဆံ့ တော့လွန်းလို့ . . . ငါ့ သွားတွေ့ခဲ့တာ. . .။ နင်ကတော့ ပိရိလှပြီပေါ့လေ. . .။ ငါ့ကို လှည့် စားချင်တိုင်း လှည့်စားလို့ ရမယ့် ငတုံးမလို့ နင် ထင်နေသလား ဟင်။ ငါ့ နောက်ကွယ်မှာ . . . ငါ့ကို သစ္စာဖောက်ပြီး ငါ့ရဲ့ အချစ်တွေကို စော်ကား ချင်တိုင်း စော်ကားခဲ့တဲ့ နင့်ကို ငါ တစ်သက်မကျေဘူး သိရဲ့ လား"

ကျွန်မမျက်လုံးတွေဟာ မီးပွင့်တွေ ဖွာထွက်မတတ်၊ ဝင်းဝင်းတော က်နေမှာ ပါ. . .။ မောင်က ကျွန်မရဲ့ အထာကို ကောင်းစွာကျေညက်လွ န်းတဲ့ သူ. . .။ ကျွန်မ ရူးမတတ် ပေါက်ကွဲနေချိန်မှာ သူ ကျွန်မကို ဘယ် လိုကိုင်တွယ်ရမလဲဆိုတာ ကောင်းစွာ သဘောပေါက်တဲ့ လူစားမျိုး. . .။ သူ. . . ကျွန်မရဲ့ ကိုယ်ခန္ဓာကို. . . သိမ်းဖက်လိုက်တယ်. . .။ ကျွန်မ ရုန်း မထွက်သာအောင် တင်းကျပ်လွန်းတယ်. . .။

"ရှူး ရှူး . . .တော်ပါတော့ ချစ်သည်းရယ်. . .။ ပင်ပန်းလိုက်တာကွာ ။ မောင် တောင်းပန်ပါတယ်ကွာ. . .။ မောင့်ဘဝမှာ . . . ပထမဆုံးမှားခဲ့ ဖူးတဲ့ အမှားတစ်ခုပါ. . .။ မောင့်ကို ခွင့်မလွှတ်နိုင်ဘူးလားဟင်. . . မော င် စိတ်အလိုကို လိုက်ခဲ့မိတယ်. . .။ အထိအတွေ့ အချော့အမြှူ တွေမှာ သာယာခဲ့မိတယ်. . .။ မောင် ရုန်းမထွက်နိုင်ခဲ့ဘူး. . .။ ယောကျ်ားတစ် ယောက်ရဲ့ အမှားကို ခွင့်မလွှတ်နိုင်လောက်အောင် မောင့်မိန်းမ မရက်စ က်ဘူးမှ လားဟင်"

မောင့်လေသံက တိုးတိုးဖွဖွကလေး. . . ။ ညင်ညင်သာသာ ချော့ချော့မြှူမြှူ ရှိလွန်းတယ်. . .။ မောင့်လေငွေ့ နွေးနွေးက ကျွန်မရဲ့ ပါးပြင်ဆီကို ထိတွေ့တိုးဝှေ့လို့ . . . ဖြားယောင်းဆွဲဆောင် နေတယ်လေ ။ မောင်များ ချော့လိုက်ရင်. . . ဘယ်တုန်းကများ ကျွန်မ စိတ်မပြေဘဲ

နေနိုင်ခဲ့လို့ လဲ . . .။

“အဲဒီမိန်းမကိစ္စကို ဘယ်လိုရှင်းမှာ လဲ. . . ပြော”

“မောင့်ဟာမောင် ကြည့်ရှင်းပေးပါ့မယ်. . . ”

“နောက်ထပ် ဘာသံမှ မကြားချင်ဘူးနော်. . . နောက် တစ်ခါဆို ကျွန်မအဆိုးမဆိုနဲ့ . . . ”

“ချစ်သည်းကကွာ. . . စိတ်ကလည်း ကြီးလိုက်တာ. . .။ ကဲ မောင် ရေချိုးမယ်. . . ပြင်ဆင်ပေးဦး”

ကြည့်စမ်း. . .။ ဘယ်လောက်အံ့သြဖို့ ကောင်းထားလဲ. . .။ မုန်တိုင်း တစ်စင်းကျသလို. . . ဝုန်းဒိုင်းကြဲပေါက်ကွဲလောင်ကျွမ်းနေတဲ့ ကျွန်မရင်ကို. . .လေပြည်ကလေး ညင်ညင်သာသာ ပြောင်းလဲသွားအောင် မောင် ဘယ်လိုများ ပြုစားလိုက်သလဲ. . .။ အချစ်ပဲပေါ့. . .။ မောင့်ကို သိပ်ချစ်လွန်းတဲ့ ကျွန်မရဲ့ အချစ်တွေကိုပဲ မောင် အသုံးပြုသွားခဲ့တာပေါ့. . .။

ကျွန်မ မောင့်ကို ဘာလို့ အကြာကြီး မနာကြည်းနိုင်ရတာပါလိမ့်. . . ။ အခုတော့ ရေချိုးခန်းထဲက ကြွေဇလုံကြီးထဲမှာ မောင်ရေချိုးဖို့ ကျွန်မကိုယ်တိုင် ပြင်ဆင်ပေးမိပြီ. . .။ မောင်က အမွှေးနံ့သာ အသန့်အပြန့်. . . အလှအပဆို သိပ်ကြိုက်. . . ။ ရေချိုးခန်းထဲမှာ . . . မွှေးရနံ့သင်းတဲ့ ဖယောင်း တိုင်တွေ ထွန်းပေးရတယ်. . .။ မောင်က ရေအေးအေးမကြိုက်ဘူး. . .။ ဒါကြောင့် ရေနွေးနွေးကလေး အနေတော်စပ်ပေးရတယ်. . .။ ဆပ်ပြာရည်က လာဗဲန်ဒါအဆီမွှေးနဲ့ အမြှုပ်တွေခပ်များများ လွှမ်းတဲ့ ရေချိုးဆပ်ပြာကို ကျွန်မ နိုင်ငံခြားကတောင် တကူးတက ဝယ်မှာ ပေးရတာပါ။ ပြီးရင် နှင်းဆီပွင့်ဖတ်ကလေးတွေ. . . ခြွေပြီး ခင်းထားပေးရသေးတာ. . .။ အဲဒီလို အသေးစိတ် ပြင်ဆင် ပေးရတာကို. . . ကျွန်မကိုယ်တိုင် နှစ်သက်မက်မောခဲ့ရတာလေ. . . ။ နေ့တိုင်း ညနေတိုင်း တစ်

နေ့မှ မပျက်မကွက်. . . မရိုးအီနိုင်စွာနဲ့ ပါ. . . ။

မောင်ရယ် ကျေးဇူးပြုပြီး ကျွန်မရဲ့ အချစ်တွေကို မစော်ကားလိုက်ပါနဲ့ . . . ။

မောင်ပြန်လာခါနီးဆို မောင့်ကိုစောင့်ရင်း ကျွန်မ လုပ်လေ့ရှိတာက. . . စန္ဒရားတီးတာပဲ. . . ။ မောင့်ကားစက်သံကို နားစွင့်ရင်း စန္ဒရားတီးရတာကို ကျွန်မ ဘယ်လိုနှစ်ခြိုက်မိမှန်းမသိ. . . ။ များ သောအားဖြင့် ကျွန်မအနှစ်သက်ဆုံး မကက်စက်စက် တီးလေ့ရှိတာက Shania Twain ရဲ့ You're Still The One သီချင်း. . . Toni Braxton ရဲ့ Un-break my heart သီချင်း. . . Jennifer Rush ရဲ့ The power of love. . . Celine Dion ရဲ့ To love you more. . . အစရှိတဲ့ သီချင်းတွေပေါ့. . . ။ သီချင်း သုံးလေးပုဒ်လောက် တီးပြီးချိန်ဆို မောင်ပြန်ရောက်လာတတ်ပြီ. . . ။ မောင့်ကို ကျွန်မ သီချင်းလေးတွေနဲ့ ကြိုရတာကို ကြိုက်တယ်. . . ။ မောင့်အတွက် အမောပြေ ပျားသံပရာ အေးအေးကလေးကို ကျွန်မကိုယ်တိုင် ဖျော်ပေးမှ မောင်ကြိုက်တတ်တာလေ။ ပြီးရင် မောင့်ရဲ့ အင်္ကျီကြယ်သီးတွေကို ကိုယ်တိုင်ဖြုတ်ပေးပြီး. . . ကလေးတစ်ယောက်ကို အင်္ကျီလဲပေးသလိုမျိုး. . . တီရှပ်တစ်ထည်နဲ့ လဲပေးရတယ်. . . ။ မောင်က သူ့ကို ပြုစုယုယတာကို သိပ်ကြိုက်တာပဲလေ. . . ။ အဝတ်အစားလဲပြီး ခဏတစ်ဖြုတ်နားပြီးရင် မောင်ရေစိမ်ချိုးဖို့ ကျွန်မကပြင်ပေး၊ မောင့်အတွက် အဝတ်အစားထုတ်ပေးထားပေါ့. . . ။ မောင်က ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ် ကြော်လှော်ပေးတာကိုမှ . . . မြိန်ရေရှက်ရေ အားပေးတတ်သူမို့. . . ကျွန်မ အသားငါးဟင်းကိုသာ စောစောချက်ပြုတ်ထားပြီး. . . အသီးအရွက်ကြော်နဲ့ . . . အသုပ်တွေဘာတွေကို. . . မောင် စားခါနီးမှ ပြင်ဆင်ပေးနေကျ. . . ။ အိမ်အကူကောင်မလေးရှိပေမယ့်. . . ကျွန်မကိုယ်တိုင် ကိုယ့်လက်နဲ့ ချက်ပြုတ်ပြင်ဆင်ပေးရတာကိုပဲ ကျွန်မက စိတ်တိုင်း

ကျတာပါ. . .။ မောင်က ကိုက်လန်အဖူးက လေးတွေကို ပြည်ကြီးငါးနဲ့ ကြော်ပေးတာကို ကြိုက်တယ်. . .။ ပုစွန်ဆို အစိမ်းသုပ်မှ . . . ပို ခံတွင်းမြိန်တယ်. . .။ မောင့်အကြိုက်ကို အသိနိုင်ဆုံးဟာ ကျွန်မပဲဖြစ် လိမ့်မယ် ထင်ပါရဲ့ . . .။ အဲဒီလောက် မောင့်ကို ကျွန်မချစ်ရတာပါ. . .။

ဒီနေ့တော့ မောင့်အတွက် အံ့ဩစရာသတင်းတစ်ပုဒ် ကျွန်မ မောင့် ကို လက်ဆောင်ပေးဖို့ ပြင်ဆင်ထားတယ်။ မောင် သိပ်ပျော်သွားမယ်လို့ ကျွန်မ မျှော်လင့်ထားပြီးသား. . .။ အဲဒါဟာ မောင်အလိုချင်ဆုံး ဆုတစ် ဆုလည်း ဖြစ်သေးတယ်လေ. . .။ ဟော. . . ကားသံကြားရပါပြီ. . .။ မောင်ပြန် လာပြီ. . .။ ကျွန်မ ထိတ်ခနဲ ရင်ခုန်စွာပြုံးမိတယ်။ ရင်ခုန်စိ တ်လှုပ်ရှားသွားမယ့် မောင့်ရဲ့ မျက်နှာကို ကျွန်မမြင်ချင်လိုက်တာ. . .။ ကျွန်မ အိမ်တံခါးဝဆီ အပြေးအလွှားကလေး ပြေးထွက် လာမိတယ်. . . ။ အဲဒီမှာ ကျွန်မကိုယ်ကျွန်မ ကံအဆိုးဆုံးမိန်းမတစ်ယောက် ဖြစ်ခဲ့ကြောင်း. . . တစ်စုံတစ်ယောက်က သက်သေထူပေးခဲ့တာပါ. . .။ ကျွန်မရဲ့ သူငယ်ချင်း မြရွှေဝါပေါ့. . .။

“ဟယ် မြ. . . နင် ဘယ်ကနေ လှည့်လာတာလဲ. . .။ မောင်တောင် ပြ န်လာတော့မှာ . . .။ ငါက မောင်မှတ်လို့ . . . ”

“ငါ. . . နင့်ကို ပြောစရာရှိလို့ တော်လေး”

မြရဲ့ မျက်နှာကို ကြည့်လိုက်ရုံနဲ့ သူပြောမယ့်စကားက ဘယ်လောက် အရေးကြီးမယ်ဆိုတာ ကျွန်မ ခန့်မှန်းမိပါတယ်. . .။

“လာ မြ။ အခန်းထဲသွားရအောင်။ နင့်မျက်နှာကလည်း ဟယ်. . . အ လန့်တကြားရှိ

လိုက်တာ ”

“နင်  ဒီထက်ပိုလန့်ရဦးမှာ တော်လေးရဲ့ . . . ရင်ဆိုင်ဖို့ ကိုလည်း နင်ပြင်ဆင်ထားဖို့ လိုမယ်”

“ဘာလဲဟယ်. . . ပြောပါဦး မြန်မြန်”

“နင့် စိတ်ကိုတော့ နင် ထိန်းနိုင်ပါတယ်နော် တော်လေး”

“ဘာလဲဟဲ့. . . ဘာနဲ့ ပတ်သက်ပြီး ငါက စိတ်ကို ထိန်းရမှာ လဲ”

“နင့်ရဲ့ ချစ်လှစွာသော မောင်တော်ဘုရားပေ့ါဟဲ့။ ဘယ်သူရှိရဦးမှာ လဲ”

“မောင် ဘာဖြစ်လို့ လဲ. . . ”

ကျွန်မ ထိတ်ခနဲတော့ စိုးရိမ်သွားမိတယ်။ ဒါပေမဲ့ ကျွန်မနှလုံးသား တစ်ခုလုံး အမွမွ အကြေကြေ ဖြစ်သွားလိမ့်မယ်လို့ တော့. . . မျှော်လင့်မ ထားမိဘူးပေ့ါ. . .။

“ငါ ဒီနေ့ နင့်မောင်နဲ့ ဆုံတယ်. . . လုံးဝ မထင်ထားတဲ့ ပုံစံမျိုးနဲ့ ဆုံ တာနော်။ ငါ့ဖြင့် အံ့သြလွန်းလို့ ရှော့(ခ်)တောင်ရတယ်. . .။ ငါ့ နာ့(စ်) လုပ်နေတဲ့ O.G မမနွေးရဲ့ ဆေးခန်းမှာ ဆုံတာဆရာ. . . .သူ့ဘေးမှာ င ယ်ငယ်ချောချော ကောင်မလေး တစ်ယောက်နဲ့ လက်ချင်းတွဲလို့ . . . ကောင်မလေးရဲ့ ဗိုက်ကို မမနဲ့ လာပြတာတဲ့ . . .ကိုယ်ဝန်က နှစ်လရှိနေပြီ. . .”

ရုတ်တရက် ကျွန်မရဲ့ ခန္ဓာကိုယ်အတွင်းမှာ ပေါက်ကွဲမှုတစ်ခုခု ဖြစ် သွားခဲ့သလိုပဲ။ ကျွန်မတစ်ကိုယ်လုံး တစ်စစီ လွင့်စဉ်ကြေမွသွားတယ်. . .။ ရင်ထဲမှာ ရှိရှိသမျှ မျှော်လင့်ချက်တွေ . . . ရှင်သန်ခြင်းတွေ. . . တောက်ပထက်သန်လွန်းနေတဲ့ စိတ်ကူးယဉ်အိပ်မက်တွေ. . . အားလုံး အားလုံးကို တစ်စုံတစ်ရာက တစ်စစီ သိမ်းနုတ်ယူငင်ပစ်လိုက်သလိုပဲ. . .။

ကျွန်မရင်ထဲမှာ ဘာဆို ဘာမှ မကျန်တော့သလို. . . ဟာလာဟင်းလင်း ပွင့်လို့ ရယ်. . . ။ နာကြည်းမှုလေ. . . ။ ကျွန်မ နာကြည်းလိုက်တာ. . . ရင်တစ်ခုလုံး ခံစားလို့ မရတော့လောက်အောင်. . . တူးတူးခါးခါး နာကျင်လွန်းလိုက်တာ။ အံ့ဩစရာကောင်းတာက ကျွန်မ မျက်ရည်တစ်စက်မှ မကျတာပဲ. . . ။ အံတင်းတင်းကြိတ်ထားရင်း နှုတ်ခမ်းတွေ ပေါက်ထွက် နာကျင်လာတဲ့ အထိ နှုတ်ခမ်းကို ကိုက်ထားမိတယ်. . . ။ မောင်ရယ် ရက်စက်လွန်းလိုက်တာ။ ရှင်မို့ ကျွန်မရဲ့ အချစ်တွေကို နှစ်ပြားတောင် မတန်အောင် စော်ကားရက်လိုက်တာ. . . ။ ကျွန်မပေးခဲ့သမျှက ကျွန်မရဲ့ ဘဝတစ်ခုလုံး. . . ကျွန်မတန်ဖိုး ထားလွန်းတဲ့ ကျွန်မနှလုံးသားတစ်ခုလုံး. . . ။ ရှင်ပြန်ပေးခဲ့တာက သစ္စာဖောက်ခြင်းတဲ့ လား. . . ။

“တော်လေး. . . နင် စိတ်ထိခိုက်သွားလား. . . ။ ဆောရီးပါဟယ်. . . ငါဘယ်လိုမှ နင့်ကို အသိမပေးဘဲ ထိမ်ချန်မထားနိုင်လို့ ပါ။ နင့်ရဲ့ မောင်ကို နင်ဘယ်လောက်တောင် မက်မက်မောမော ချစ်သလဲဆိုတာ ငါအသိဆုံးလေ။ တကယ်ဆို သူက ဘာမှ ဟုတ်တာ မဟုတ်ဘူး . . . ။ နင့်ရဲ့ အချစ်တွေကြောင့် သူ့ဘဝတစ်ခုလုံး သက်ဝင်တောက်ပခဲ့တာ အားလုံးအသိ. . . ။ နင် သိပ်ချစ်မှန်း သိရက်နဲ့ သူ နင့်အချစ်ကို စော်ကားရက်တာ ငါ ရင်နာလို့ မဆုံးဘူး. . . ။ နင် ဘယ်လိုဆုံးဖြတ်မလဲ တော်လေး. . . ။ ဒီလောက်တောင်ဖြစ်လှတာ ကွာရှင်းပစ်လိုက်စမ်းပါဟာ။ နင်နဲ့ သူ လုံးဝ မထိုက် တန်ပါဘူး”

“မကွာပါဘူး. . . နင် အဲဒီစကား ဘယ်တော့မှ ထပ်မပြောနဲ့ မြ. . . ။ ငါ သူ့ကို ချစ်လွန်းလို့ . . . သိပ်ချစ်လွန်းလို့ လက်ထပ်ထားခဲ့တာ. . . ငါ့မိဘ အသိုင်းအဝိုင်းတစ်ခုလုံးနဲ့ အတိုက်အခံလုပ်ပြီး ငါ သူ့ကို ရအောင်ယူထားခဲ့တာ သူ့ကို စွန့်လွှတ်ဖို့ မှ မဟုတ်တာ. . . ။ သူတစ်ပါးလက်ထဲ သူပါသွားတယ်ဆိုကတည်းက ငါအသုံးမကျလို့ . . . ငါ့အချစ်တွေ မလုံ

လောက်သေးလို့ ပေ့ါ. . . ငါ့ဘက်က လိုအပ်ချက်တွေရှိနေသေးလို့ ပေ့ါ။ ကဲ. . . နင် ပြန်တော့ မြ။ မောင်ပြန်လာတော့ နင့်ကို တွေ့သွားရင် နင်မကောင်းဖြစ်မယ်. . . ဒီကိစ္စကို ငါဘာသာ ကြည့်ရှင်းပ့ါမယ်. . . ”

“သေချာရဲ့ လား တော်လေး. . . နင်သူ့ကို အရှုံးတော့ မပေးနဲ့ . . . ဘယ်တော့မှ ဒူးမထောက်နဲ့ နော်. . . ကြားလား။ မမနွေးဆီကနေ. . . ကောင်မလေးရဲ့ ကိုယ်ဝန်သတင်းကို ငါအမြဲ update လုပ်နေမယ်သိလား။ နင် စိတ်ကြံ့ခိုင်ဖို့ တော့ လိုတယ်. . . ”

“စိတ်ချပါမြရယ်. . . ငါ ဘယ်တော့မှ အရှုံးမပေးပါဘူး။ ငါ သူ့ကို ငါ့ဘက်ပြန်ပါလာအောင် ပြန်ဆွဲဆောင် သိမ်းသွင်းယူမှာ ပါ. . .စိတ်ချ”

မြက ကျွန်မကို ကြည့်တဲ့ အကြည့်ထဲမှာ သနားကရုဏာတွေ ပါဝင်နေခဲ့တာကို ကျွန်မ မခံချင်ဘူး။ လူတကာသနားကြင်နာရမယ့်. . . သနားစရာမိန်းမတစ်ယောက် ကျွန်မ မဖြစ်ချင်ဘူး. . . ။ မြပြန်သွားတော့ ကျွန်မ စန္ဒရားခုံမှာ ပြန်ထိုင်မိတယ်. . . ။ မောင် ပြန်မလာသေးဘူး. . . ။ မောင် ဘယ်သူနဲ့ ရှိနေသလဲဆိုတဲ့ အသိက ကျွန်မကို. . . ရက်ရက်စက်စက် နှိပ်စက်ကလူပြုနေပြီ. . . ။ ရင်ထဲက ပေါက်ကွဲခြင်းတွေဟာ လက်ချောင်းတွေဆီ အဆက်မပြတ် စီးဆင်းခုန်ပေါက်သွားခဲ့ တယ်. . . ။ စန္ဒရားခလုတ်တွေတောင် မခံမရပ်နိုင်ရှာဘူး. . . သံစဉ်တွေက မိုးစက်မိုးပေါက်တွေ လိုပဲ တဝုန်းဝုန်း ပြိုကျလို့ . . . ကျွန်မရင်ထဲမှာ မုန်တိုင်းထန်နေခဲ့ပြီမောင်. . . ။

မကြာပါဘူး. . . ကျွန်မအသည်းတွေ ပေါက်ထွက်မတတ် ရင်နင့်အောင် ချစ်ရပါသောမောင် ပြန်လာခဲ့ပါပြီ. . . ။ အို. . . မောင့်မျက်နှာကို ကျွန်မ ဘယ်လို သွေးအေးအေးနဲ့ ကြည့်ရမှာ လဲ. . . ကျွန်မ ရင်တစ်ခုလုံး ကျွမ်းလောင်ခဲ့ပြီးမှ တော့. . . ။

"မောင် ပြန် လာပြီလား. . . နောက်ကျလိုက်တာ"

"အလုပ်တွေ မပြတ်သေးလို့ ပါကွာ. . . မောင် ထမင်း မစားတော့ဘူး သည်း. . .။ ဒီည သူငယ်ချင်းတွေနဲ့ ချိန်းထားတယ်. . .။ ည သိပ်မိုးချုပ်ရင် ပြန်မလာတော့ဘူးနော်. . . ဟိုမှာ ပဲ အိပ်လိုက်တော့မယ်. . . "

ကျွန်မရင်ထဲ တင်းကျပ်ဆို့ပိတ်သွားတယ်. . .။ မောင် လိမ်နေတာကို ကျွန်မ သိနေတာကိုး . . . ။ ဒေါသတွေလည်း တလိပ်လိပ်တက်လာတယ်. . .။ သိရက်နဲ့ အလိမ်အညာခံနေရတာဟာ ရင်ဝကို တည့်တည့် ဓားနဲ့ ထိုးခံနေရသလိုပဲ. . .။ ကျွန်မက နောက်ကျောကို ဓားထိုးခံရသူထက် ပိုပြီးတော့ ကံဆိုးပါတယ်. . .။ သူ့လက်ထဲက ဓားကိုလည်း မြင်နေရတယ်. . . ရင်ဝဆီချိန်ရွယ် နေတာကိုလည်း မြင်နေရတယ်. . . မကြာခင်မှ ရင်ဝဆီမှာ ဓားချက်ထိပြီး ခံစားရတော့မယ် မခံမရပ်နိုင်အောင် နာကျင်ခံစားရမယ့် ဝေဒနာကိုကအစ ကျွန်မ ကြိုပြီးတော့ ခံစားနေရတဲ့ အဖြစ်လေ. . .။

"မောင့်ကို ကျွန်မ လက်ဆောင်တစ်ခု ပေးမလို့ . . . မောင်ရဲ့ . . . "

"အမ်. . . ဘာလဲ. . . ဘာလက်ဆောင်လဲ သည်း. . . "

မောင့်မျက်လုံးတွေက ကျွန်မ မျှော်လင့်သလောက်ထူးခြား တောက်ပမလာခဲ့ပါဘူး. . .။

"မောင့်အတွက် သားလေးလား သမီးလေးလား မသိသေးဘူး. . . ကလေးလေး တစ်ယောက် လက်ဆောင်ပေးမလို့ ပါ။ ကျွန်မဗိုက်ထဲမှာ သူကလေးရှိနေပြီ မောင်"

"ဟာ. . ."

မောင့်မျက်နှာဆီ မျက်တောင်မခတ် အကဲခတ်စောင့်ကြည့်နေခဲ့သူမို့

မောင်မျက်နှာပေါ်မှာ ပြောင်းလဲသွားတဲ့ ခံစားချက် အဆင့်ဆင့်ကို ကျွန်မ သိနေတယ်။ သိပ်ဟန်ဆောင်ကောင်းတဲ့ မောင်။ စိုးရိမ်တုန်လှုပ်သွားတာ. . . စိတ်အနှောင့်အယှက်ဖြစ်သွားတာတွေကို. . .မပေါ်လွင်စေအောင်. . . ဟန်ဆောင်ထားတဲ့ ပျော်ရွှင်မှုမျက်နှာဖုံးနဲ့ မလုံ့တလုံ့ ချက်ချင်းတပ်ဆင်ကာကွယ်ပါတယ်. . .။

“တကယ်လား သည်း. . .။ မောင် ဝမ်းသာလိုက်တာ. . . မောင်မိန်းမက လိမ္မာလိုက်တာ ကွာ. . .။ ဒီလောက်လိမ္မာတဲ့ မိန်းမကို ဆုချရမှာ ပေါ့. . . ကဲ မောင်တို့ celebrate လုပ်ရအောင်. . . မောင့်ချစ်သည်း ဘာလိုချင်လဲ. . . မောင် ဘာလုပ်ပေးရမလဲ ပြော”

ကျွန်မလေ. . . မောင့်မျက်နှာလေးကို စေ့စေ့ကြည့်ပြီး ပြုံးပြလိုက်တယ်။

“မောင်ရယ်. . . ကျွန်မက မောင့်ဆီက လိုချင်သူမှ မဟုတ်တာ။ မောင့်ကို ပေးပဲပေးချင်တဲ့ သူလေ။ ကျွန်မကို မောင် ဘာမှ ပြန်ပေးဖို့ မလိုပါဘူး။ ကျွန်မ ပေးသမျှနဲ့ မောင် ကျေနပ်ရောင့်ရဲမယ် ဆိုရင်ကို ကျွန်မ ကျေနပ်ပြီ”

“မောင်က ဘာလို့ မကျေနပ်မရောင့်ရဲရမှာ လဲ သည်းရဲ့ . . .။ သည်း မောင့်ကို ပေးထားတဲ့ အချစ်တွေနဲ့ တင် မောင့်မှာ လုံလောက်လွန်းလို့ ပြည့်စုံနေပါပြီ. . . ”

ကျွန်မ မောင့်ကို ပြုံးပြမိပြန်တယ်. . .။ မောင်သာ လိမ်ညာမနေဘူးဆိုရင် ကျွန်မ သိပ်ပျော် ရမှာ ပါ. . .။ ဒါပေမဲ့ မောင်ရယ်. . .။ ကျွန်မ သိပ်ချစ်လွန်းရတဲ့ မောင်ဆိုတဲ့ လူတစ်ယောက်ဟာ . . . မုသားကို ပြုံးပြုံးကလေးနဲ့ အထာကျစွာ ပြောတတ်သူဆိုတာ ကျွန်မ သိခွင့်ရခဲ့တာ ကြာမှ မကြာသေးဘဲ. . .။ ဒီလျှို့ဝှက်ဇာတ်လမ်းမှာ မောင်ပဲဒါရိုက်တာ မော

င်ကိုယ်တိုင်ပဲ မင်းသား. . . ကျွန်မကို မောင် ဘယ်လိုဆက်ပြီး ကစားမယ်ဆိုတာ စောင့်ကြည့်ရအောင်. . .။

"ကဲ. . . ဒါဆို မောင် ဒီည ကျွန်မနဲ့ အတူ ရှိနေပေးမှာ လား. . . သူငယ်ချင်းတွေဆီ သွားဦးမှာ လား. . . "

"သူငယ်ချင်းတွေနဲ့ က ချိန်းထားပြီးသား ဖြစ်နေလို့ ပါ သည်းရယ်. . .။ ဒီတစ်ညလေးပဲကွာ. . . နော်။ မနက်ဖြန် သည်းဘေးမှာ မောင်နေပေးမယ်။ သည်း စားချင်တာ မောင်ကိုယ်တိုင် ချက်ကျွေးမယ်. . . ဘယ်လိုလဲ ”

ကျွန်မလေ. . . မောင့်မျက်နှာ ခပ်ချောချောကို လက်သည်းရာအစင်းလိုက်ထင်အောင် ဖျဉ်းခနဲ ဆွဲကုတ်ပစ်ချင်စိတ်တွေကို . . . တော်တော်ချိုးနှိမ်ပစ်လိုက်ရတာပါ. . . ။ ကျွန်မက သိပ်ချစ်ရတဲ့ ယောကျ်ားတစ်ယောက်က ကျွန်မအပေါ်. . . ရက်ရက်စက်စက် သစ္စာဖောက်နေခဲ့ပြီဆို တာကို. . . သိခဲ့ရပြီးချိန်မှာ . . . သူ့ရဲ့ မုသားတိုင်းကို သိနေခဲ့ချိန်မှာ . . . ကျွန်မ ဘယ်လိုနှလုံးသားနဲ့ ဆက်ပြီး အသက်ရှင်ရမလဲဆိုတာ ကိုပဲ ကျွန်မ တွေးနေမိတော့တယ်လေ. . .။

"ဖြစ်နိုင်ရင် စောစောပြန်ခဲ့နော်မောင်"

ကျွန်မ တိုးတိုးလေးတော့ မှာ လိုက်မိသေးတယ်. . .။ ရင်ထဲမှာ ခါးသက်နာကျင်လွန်းလိုက်တာ. . .။ မောင် ဘယ်ကို သွားမလဲဆိုတာ ကိုလည်း ကျွန်မ သိနေတယ်. . . မောင် ကျွန်မဆီ စောစောပြန်လာမှာ မဟုတ်ဘူး ဆိုတာလည်း ကျွန်မ သိနေတယ်. . .။ မောင် ကျွန်မရင်ထဲက ရင်သွေးကလေးအတွက် စိတ်ရှင်းရှင်းနဲ့ လွတ်လွတ်လပ်လပ် ပျော်ရွှင်မနေဘူးဆိုတာလည်း ကျွန်မ သိနေတယ်. . .။ ကျွန်မနေရာမှာ ဝင်ပြီး ခံစားပေးကြပါဦး. . .။

*